ယာဉ်အသွားအလာစည်းမျဉ်းများ

လုံခြုံရေးအတွက် ဂျပန်ရဲ့စည်းမျဉ်းများကို လေ့လာကြည့်ရအောင်။

㉘လမ်းလျှောက်သည့်အခါ



・လူသွားလမ်း (လူများလမ်းလျှောက်ရန်) တွင် လမ်းလျှောက်ပါ။

・လူသွားလမ်းမပါသော လမ်းများပေါ်တွင် လမ်း၏ ညာဘက်ခြမ်းမှ လျှောက်ပါ။

・လမ်းဖြတ်ကူးသည့်အခါ ယာဉ်အသွားအလာမီးပွိုင့်များ သို့မဟုတ် လူသွားလူကူးမျဉ်းကြားများကို အသုံးပြုပါ။

㉙စက်ဘီးစီးသည့်အခါ



・စက်ဘီးများကို လမ်း၏ ဘယ်ဘက်ခြမ်း (ကားများ သွားလာသည့်လမ်း) တွင် စီးရမည်။

・အရက်သောက်ပြီး စက်ဘီးမစီးရပါ။

・စက်ဘီးစီးသည့်အခါ ဦးထုပ်ဆောင်းပါ။

・ထီးဆောင်းထားစဉ် သို့မဟုတ် မိုဘိုင်းဖုန်း (စမတ်ဖုန်း) သုံးနေစဉ် မစီးရပါ။

・အီဂါမြို့ (မိအဲစီရင်စု) မှာ စက်ဘီးစီးသူများသည် စက်ဘီးမတော်တဆမှု တာဝန်ယူလျော်ကြေးအာမခံ ဝင်ထားရမည်။

㉚ကား သို့မဟုတ် မော်တော်ဆိုင်ကယ် မောင်းနှင်သည့်အခါ

・ကား သို့မဟုတ် မော်တော်ဆိုင်ကယ် မောင်းနှင်ရန်အတွက် ယာဉ်မောင်းလိုင်စင် လိုအပ်ပါသည်။ (ယာဉ်မောင်းလိုင်စင်စာမေးပွဲကို အင်္ဂလိပ်ဘာသာ၊ ပေါ်တူဂီဘာသာ၊ တရုတ်ဘာသာ၊ ဗီယက်နမ်ဘာသာ စသည့်ဘာသာစကားများဖြင့် ဖြေဆိုနိုင်ပါသည်။)

・ကား သို့မဟုတ် မော်တော်ဆိုင်ကယ် မောင်းနှင်သည့်အခါ ယာဉ်မောင်းလိုင်စင်ကို ယူဆောင်လာရမည်။

・ဘေးကင်းရေးအတွက် ကားပေါ်ရှိ လူတိုင်း ထိုင်ခုံခါးပတ် ပတ်ထားသင့်သည်။ မော်တော်ဆိုင်ကယ်စီးသောသူများသည် ဦးထုပ်ဆောင်းရမည်။

・ကား သို့မဟုတ် မော်တော်ဆိုင်ကယ် မောင်းနှင်နေစဉ် မိုဘိုင်းဖုန်း (စမတ်ဖုန်း) မသုံးရပါ။

・အရက်သောက်ပြီးပါက မောင်းနှင်ခြင်း မပြုရပါ။